ဤသဘောတူစာချုပ်ကို ၁၉၉၈ ခုနှစ် ၊ လ ( ) ရက်နေ့တွင် ဦးတင်ဝင်း ဦးဆောင်ညွှန်ကြားရေးမှူး ကိုယ်စားပြုသော အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန ၊ အမှတ် (၉၀) ၊ ကံဘဲ့လမ်း ၊ ရန်ကင်းမြို့နယ် ၊ ရန်ကုန်မြို့ (နောင်တွင် "သတလ (၂)" ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ ယင်းစကားရပ်၌ ၎င်းအား ဆက်ခံသူများ ၊ ဥပဒေအရ လွှဲအပ်ခြင်းခံရသူများ ပါဝင်သည်) ကတစ်ဖက် နှင့် ဦးဟန်တိုင်း (အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/တကန (နိုင်) ၁၅၄၄၃၉) အုပ်ချုပ်မှုဒါရိုက်တာ ကိုယ်စားပြုသော ကော့စိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက် အမှတ် ၂၇၄ (က)၊ အခန်း ၂၀၆ (၃/၄) ၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့(နောင်တွင် "ကန်ထရိုက်တာ" ဟုခေါ်ဆိုမည်ဖြစ်ပြီး၊ ယင်းစကား ရပ်၌ ၎င်းအား ဆက်ခံသူများ၊ ဥပဒေအရ လွှဲအပ်ခြင်း ခံရသူများပါဝင်သည်။) က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များနှင့်အညီ နှစ်ဖက် သဘော တူ ချုပ်ဆိုကြ ပါသည် -

အပိုင်း (၁)
ရည်ရွယ်ချက်

၁-၁ အောက်ပါအတိုင်း ရည်ရွယ်ချက် ထားရှိပါသည် -

(က) သတလ (၂) မှ လက်ရှိတိုင်းတာသတ်မှတ်ပြီးသော သပိတ်ကျင်းမြို့နယ် ၊ (၅) မိုင် စခန်းရွှေ လုပ်ကွက် (E1) အားပြည်တွင်း မြန်မာနိုင်ငံသားများဖြင့် ဖွဲ့စည်းထားသော ရွှေသတ္တု ထုတ်လုပ်မှုဆိုင်ရာ ကျွမ်းကျင်သူများနှင့် ပူးပေါင်းပြီး တူးဖော် ထုတ်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်ခြင်းအားဖြင့် နိုင်ငံတော်မှ သတ္တုထုတ်ကုန် တိုးတက်ရရှိစေရေး နှင့် နိုင်ငံတော်၏ သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး။

(ခ) မန္တလေးတိုင်း၊ သပိတ်ကျင်းမြို့နယ် ၊ (၅) မိုင်စခန်း ၊ ရွှေလုပ်ကွက် (E1) မှရွှေသတ္တုတူး ဖော်ထုတ်လုပ်ခြင်းအားဖြင့် ဒေသဖွံ့ဖြိုးလာစေရန်နှင့် သတ္တုတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဖြင့် အသက်မွေးဝမ်းကျောင်းပြုလုပ်သည့် ကုမ္ပဏီဝန်ထမ်းများ နှင့် ဒေသခံပြည်သူတို့ အလုပ် အကိုင်သစ်များရရှိပြီး လူမှုရေး၊ စီးပွားရေး၊ ဖွံ့ဖြိုးတိုးတက်စေရေး။

အပိုင်း (၂)
ကိုယ်စားပြုခြင်း နှင့် အာမခံခြင်း

၂-၁ ဤသဘောတူစာချုပ်ကို ချုပ်ဆိုကြသော နှစ်ဖက်အဖွဲ့အစည်းတို့သည် ထိုသို့သဘောတူစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် တည်ဆဲဥပဒေများအရ လုပ်ကိုင်ခွင့် အခွင့်အာဏာ နှင့် စီးပွားရေးအရ ခိုင်မာတောင့်တင်းမှုရှိကြသော အဖွဲ့အစည်းများ ဖြစ်ကြကြောင်းကို အာမခံကြပါသည်။

အပိုင်း (၃)
အဓိပ္ပါယ်ဖွင့်ဆိုချက်

၃-၁ သဘောတူစာချုပ်တွင် နောက်ပိုင်းသုံးစွဲမည့် စကားရပ်များအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) သတ္တုရိုင်း (ORE) ဆိုသည်မှာ - ရွှေသတ္တုပါဝင်သော သတ္တုရိုင်းကို ဆိုသည်။

(ခ) ရွှေသတ္တုဆိုသည်မှာ - ရွှေအနည်းဆုံး (၁၄) ပဲရည်နှင့်အထက် ချွတ်စင်ပြီး ရွှေသတ္တုကို ဆိုသည်။

(ဂ) ဆက်စပ်သတ္တုဆိုသည်မှာ - ဘူမိဗေဒအနေအထားအရ ရွှေသတ္တု တူးဖော်သန့်စင်ရာတွင် ပါဝင်နိုင်သောသတ္တုများကို ဆိုသည်။ သို့ရာတွင် ယင်းစကားရပ်၌ ပလက်တီနမ် ၊ စိန်၊ ကျောက်မျက်၊ ကျောက်စိမ်း နှင့် မြုပ်နှံထားသော ရှေးဟောင်းအဖိုးတန်ပစ္စည်းများ မပါဝင်စေရ။

(ဃ) ထရိုင်အောင်စ ဆိုသည်မှာ - ၁.၉၀၄၇ ကျပ်သား (သို့မဟုတ်) ၃၁.၁၀၃ ဂရမ် (သို့မဟုတ်) ၀.၀၃၁၁ ကီလိုဂရမ် (သို့မဟုတ်) ၀.၀၀၀၀၃၁ မက်ထရစ်တန် (သို့မဟုတ်) ၀.၀၆၈ ပေါင်ကို ဆိုသည်။

(င) တန်ချိန်ဆိုသည်မှာ - ဂရမ် (၁,၀၀၀,၀၀၀) (သို့မဟုတ်) ကီလိုဂရမ် (၁,၀၀၀) ရှိသော မက်ထရစ်တန်ကို ဆိုသည်။

(စ) ဘဏ္ဍာရေးနှစ်ဆိုသည်မှာ - နှစ်စဉ်ပြက္ခဒိန်နှစ် တစ်နှစ်၏ ဧပြီလဆန်း (၁)ရက်နေ့မှစ၍ နောင်လာမည့်နှစ် မတ်လ (၃၁) ရက်ကုန်ဆုံးသော (၁၂) လတာကာလကိုဆိုသည်။

အပိုင်း (၄)
လုပ်ပိုင်ခွင့်ရှိသောလုပ်ကွက်

၄-၁ ဤသဘောတူစာချုပ်အရ လုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်သည် သပိတ်ကျင်းမြို့နယ်တွင် တည်ရှိပြီး နောက်ဆက်တွဲ (က) တွင်မြေပုံညွှန်းနှင့်တကွ ဖော်ပြထားသည့် ခွင့်ပြုသော ဧရိယာ (၅၂) ဧက (စတုရန်းကီလိုမီတာအားဖြင့် စုစုပေါင်း ၀.၂၀၉) ၏ နယ်နမိတ်အတိုင်းဖြစ်သည်။

အပိုင်း (၅)
စာချုပ်သက်တမ်း

၅-၁ ဤသဘောတူစာချုပ်အရ သတ္တုတူးဖော် ထုတ်လုပ်ရန် ခွင့်ပြုသည့်ကာလမှာ စာချုပ်လက်မှတ်ရေးထိုးသည့်နေ့မှစ၍ (၅)နှစ် ဖြစ်သည်။ ဤသတ်မှတ်ခွင့်ပြုကာလ မကုန်ဆုံးမီ (၃) လ အလိုတွင် ကန်ထရိုက်တာသည် နောက်ထပ်ကာလ တိုးမြှင့်ပေးရန်အတွက် သတလ (၂) သို့လျှောက်ထားနိုင်သည်။ ဤသဘောတူစာချုပ်အား သက်တမ်းတိုးမြှင့်ခြင်းသည် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အတည်ပြုချက် ရရှိမှသာလျှင် အတည်ဖြစ်စေရမည်။

အပိုင်း (၆)
လုပ်ငန်းအတွက် အဆိုပြုတန်ဖိုး

၆-၁ ကန်ထရိုက်တာသည် သပိတ်ကျင်းမြို့နယ် (၅) မိုင် ရွှေလုပ်ကွက်အမှတ် (E1) အတွက် သတလ (၂) သို့ အဆိုပြုတန်ဖိုးငွေကျပ် (၁၆၀,၇၀၀,၀၀၀/-) (ကျပ် တစ်ထောင့် ခြောက်ရာ ခုနစ်သိန်း တိတိ) ကိုပေးသွင်း ရမည်။

အပိုင်း (၇)
ရင်းနှီးမြှုပ်နှံမှုပမာဏ

၇-၁ ကန်ထရိုက်တာသည် (၅)မိုင်စခန်း (E1) လုပ်ကွက် တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု ပမာဏအဖြစ် အနည်းဆုံး ငွေကျပ် (၁၀,၀၀၀,၀၀၀/-) (ကျပ်သိန်း တစ်ရာ တိတိ) ကို အသုံးပြုရမည်။ ရင်းနှီးမြှုပ်နှံမှု တစ်ရပ်လုံးကို ကန်ထရိုက်တာမှ ကျခံရမည်။

အပိုင်း (၈)
ဘဏ်အာမခံငွေ

၈-၁ ကန်ထရိုက်တာသည် ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း (၃၀)အတွင်း ဘဏ်အာမခံငွေအဖြစ် ကျပ်ငွေ (၁,၀၀၀,၀၀၀/-) (ကျပ် ဆယ်သိန်းတိတိ)ကို သတလ (၂) အမည်ဖြင့် သတ်မှတ်ထားသည့် ဘဏ်အာမခံပုံစံအတိုင်း အာမခံထားရှိရမည်။ ဘဏ်အာမခံငွေထားခြင်းသည် စာချုပ်သက်တမ်းတိုးမြှင့်သည့်ကာလအထိ (သို့မဟုတ်) ကန်ထရိုက်တာမှ ဤစာချုပ်ပါ တာဝန်ဝတ္တရားအားလုံး ဆောင်ရွက်ပြီးစီးသည်အထိ စာချုပ်သက်တမ်းတစ်လျှောက် ထားရှိရမည်။ ဤစာချုပ်ပါ သဘောတူညီချက်များအတိုင်း ဆောင်ရွက်ရန် ကန်ထရိုက်တာမှ ပျက်ကွက်ခဲ့လျှင် အပိုင်း (၂၂-၁/ခ) ပါအတိုင်း စာချုပ်အားရုပ်စဲ၍ သတလ (၂) မှ ဘဏ်အာမခံငွေအားလုံးကို သိမ်းယူနိုင်သည်။ စာချုပ်သက်တမ်း ကုန်ဆုံးလျှင်သော်လည်းကောင်း၊ ကန်ထရိုက်တာ၏ အပြစ်ကြောင့်မဟုတ်ဘဲ တစ်စုံတစ်ရာသော အကြောင်းကြောင့် နှစ်ဖက်သဘောတူစာချုပ် ဖျက်သိမ်းလျှင်သော်လည်းကောင်း၊ သတလ (၂) သည် ကန်ထရိုက်တာမှ သတလ (၂) သို့ပေးရန် ကျန်ရှိသော ကြွေးမြီများကို နှုတ်ယူ၍ ကျန်သော ဘဏ်အာမခံငွေကို ကန်ထရိုက်တာသို့ ပြန်ပေးရမည်။ ဘဏ်အာမခံငွေပုံစံကို နောက်ဆက်တွဲ (ခ) ဖြင့် ပူးတွဲထားပါသည်။

အပိုင်း (၉)
လုပ်ငန်းအစီအစဉ်

၉-၁ ကန်ထရိုက်တာသည် (၅) မိုင်စခန်း (E1) လုပ်ကွက်အား တူးဖော်လုပ်ကိုင်မည့် လုပ်ငန်းအစီအစဉ်ကို ဤသဘောတူစာချုပ် ချုပ်ဆိုပြီး ရက်ပေါင်း (၃၀) အတွင်း သတလ (၂) သို့တင်ပြရမည်။ လုပ်ငန်းအစီအစဉ်တွင် ရွှေသတ္တုတူးဖော်ခြင်း၊ သန့်စင်ခြင်း နှင့် ချွတ်စင်ခြင်း နည်းစဉ်များကို ထည့်သွင်းဖော်ပြရမည်။

၉-၂ ကန်ထရိုက်တာသည် သတလ (၂) ၏ အတည်ပြုချက် ရရှိပြီးသော လုပ်ငန်းအစီအစဉ်ကို အတည်ပြုချက်ရရှိပြီးသည်နှင့်တပြိုင်နက် စတင်အကောင်အထည်ဖော် ရမည်။ လုပ်ငန်းအစီအစဉ်သည် ဤသဘောတူစာချုပ်၏ တစ်စိတ်တစ်ဒေသ ဖြစ်သည်။

အပိုင်း (၁၀)
အထွေထွေတာဝန်များ

၁၀-၁ ကန်ထရိုက်တာ၏ တာဝန်များ

ကန်ထရိုက်တာသည် အောက်ပါတို့ကို တာဝန်ယူရမည် -

(က) သတလ (၂) သို့ တင်ပြသည့် လုပ်ငန်းအစီအစဉ်အရ သတ္တုထုတ်လုပ်ရာတွင် ကုန်ကျစရိတ်၊ သယ်ယူပို့ဆောင်မှု ကုန်ကျစရိတ် နှင့် အခြားအထွေထွေ ကုန်ကျစရိတ်အဝဝကို ကျခံရမည်။

(ခ) ဤစာချုပ်အရ တူးဖော်ခွင့်ပြုထားသည့် သတ္တုကိုသာ တူးဖော်လုပ်ကိုင်ရမည်။ သတ်မှတ်လုပ်ကွက်အတွင်း ခွင့်ပြုထားသည့် သတ္တုမဟုတ်ဘဲ အခြားသတ္တုများ၊ ကျောက်မျက်ရတနာများ တွေ့ရှိပါက အဆိုပါတွေ့ရှိမှုကို သတလ (၂) သို့ချက်ချင်းသတင်းပို့ရမည်။

(ဂ) တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို ကောင်းမွန်မှန်ကန်အောင် သတ္တုတူးဖော်ထုတ်လုပ်မှု အတွေ့အကြုံများအပေါ် အခြေခံ၍ အကောင်းဆုံးဖြစ်အောင် လိုက်နာဆောင်ရွက်ရန်နှင့် နောင်ဆက်လက်ဆောင်ရွက်ရမည့် တူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို မထိခိုက်နိုင်အောင် ဆောင်ရွက်ရမည်။

(ဃ) သတ်မှတ်ခွင့်ပြုထားသော လုပ်ကွက်ဧရိယာ၏ အပြင်ဘက်တွင် သတလ (၂)၏ စာဖြင့်ခွင့်ပြုချက် မရရှိဘဲ ရွှေ နှင့် အခြားသတ္တုပစ္စည်းများကို တူးဖော်ခြင်း လုံးဝမပြုလုပ်ရ။

(င) သတ္တုတူးဖော်ထုတ်လုပ်ခြင်းကို တင်ပြအတည်ပြုထားသော အစီအစဉ်များအတိုင်းသာ ဆောင်ရွက်ရမည်။

(စ) သတ္တုတူးဖော်ခြင်းမှ ထွက်လာသော စွန့်ပစ်ပစ္စည်းများသည် မြစ် ၊ ချောင်း ၊ အင်းအိုင်များကိုသော်လည်းကောင်း၊ အခြားလုပ်ကွက်များကိုသော်လည်းကောင်း၊ အများပြည်သူနှင့် သက်ဆိုင်သော လမ်းများ၊ အဆောက်အဦးများကိုသော်လည်းကောင်း ၊ ညစ်ညမ်းမှု၊ ပိတ်ဆို့မှုနှင့် အခြားပတ်ဝန်းကျင် ညစ်ညမ်းထိခိုက်မှုများ မရှိစေရန်အတွက် ဆောင်ရွက်ရမည်။

(ဆ) သတ္တုတူးဖော်ခြင်း လုပ်ငန်းဆောင်ရွက်ရာတွင် ကုန်ထုတ်စွမ်းအား အပြည့်အဝ ရရှိနိုင်ရေးအတွက် လုပ်ငန်းကျွမ်းကျင်သူများကို လုံလောက်စွာ ခန့်ထားရမည်။

(ဇ) လုပ်ငန်းအစီအစဉ်များကိုဆောင်ရွက်ရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းထုတ်ပြန်ထားသော သတ္တုတွင်းဆိုင်ရာ ဥပဒေ ၊ နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ဈ) ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းသို့ ဤသဘောတူစာချုပ်အရ ဆောင်ရွက်ရမည့် သတ္တုတူးဖော်မှု လုပ်ငန်းအတွက် အသုံးပြုမည့် စက်ပစ္စည်းများ၊ ယာဉ်ယန္တရားများနှင့် လုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းသုံးပစ္စည်းများအား တည်ဆဲစည်းမျဉ်း ၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ သဘောတူညီချက် ဖြင့် ပြည်ပမှ တင်သွင်းခွင့်ရှိသည်။

ပြည်ပမှ တင်သွင်းခဲ့သော ယာဉ်ယန္တရားများနှင့် လုပ်ငန်းသုံး စက်ပစ္စည်းများအနက် ငှားရမ်းသုံးစွဲခဲ့သည့်ယာဉ်နှင့် စက်ယန္တရားများရှိခဲ့ပါက စာချုပ်သက်တမ်းကုန်ဆုံးသည့် အခါ ပြန်လည်ထုတ်ယူခွင့်ရှိသည်။

(ည) ပြည်ပမှတင်သွင်းလာသည့်ပစ္စည်းများကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်နှင့် သတလ (၂)၏ သဘောတူညီမှုမရဘဲ မြန်မာနိုင်ငံအတွင်း ရောင်းချခြင်းမပြုရ။

(ဋ) သတ္တုတူးဖော်ထုတ်လုပ်ခြင်း၊ သန့်စင်ခြင်း၊ ချွတ်စင်ခြင်း နှင့် သယ်ယူပို့ဆောင်ခြင်းတို့ နှင့် ပတ်သက်သည့် လစဉ်အစီရင်ခံစာကို နှစ်ဖက်သဘောတူ ပုံစံများဖြင့် ဖြည့်သွင်း၍ မိတ္တူ (၁)စောင်ကို သတလ (၂) သို့ပေးပို့ရမည်။

(ဌ) ကျွမ်းကျင်မှုဆိုင်ရာ သုံးသပ်ချက်များပါဝင်သော သုံးလပတ်နှင့် နှစ်ချုပ်အစီရင်ခံစာများ ကိုလည်း သတလ (၂) သို့ အချိန်မှန်မှန် အစီရင်ခံ တင်ပြရမည်။

(ဍ) တူးဖော်ထုတ်လုပ်သည့် လုပ်ငန်းကြောင့် ဒေသတွင်း တည်ရှိနေသော လယ်ယာ ၊ မြေ ၊ အိမ် ၊ ခြံတို့နှင့်ပတ်သက်၍ ထိခိုက်မှုရှိလျှင် သက်ဆိုင်ရာ အာဏာပိုင်များ သတ်မှတ်ပေး ထားသော တန်ဖိုးကို လျော်ကြေးအဖြစ် ပေးချေရမည်။

(ပ) ကန်ထရိုက်တာသည် ရွှေသတ္တုကို သန့်စင်ရာ၌ အနည်းဆုံး (၁၄) ပဲရည် အဆင့်ထိ သန့် စင်ပြီး ရွှေသတ္တုအရည်အသွေးကို အာမခံရမည်။

(ဏ) ထုတ်လုပ်သည့်လုပ်ငန်းစဉ် စတင်သည့်အချိန်မှစ၍ စီမံခန့်ခွဲရေးကော်မတီက အတည်ပြု ထားသည့် သတ္တုထုတ်လုပ်မှု လုပ်ငန်းစီမံချက်ပါ လျာထားချက်များအတိုင်း တိုးချဲ့ ထုတ်လုပ်ရမည်။

(တ) ခွင့်ပြုသော ဧရိယာနယ်နမိတ်အတွင်းရှိ သစ်ပင်များကို သစ်တောဦးစီးဌာန၏ ခွင့်ပြုချက် မရရှိဘဲ ခုတ်လှဲခြင်းမပြုရ ၊ သစ်ပင်ခုတ်လှဲရန် လိုအပ်ပါက သစ်တောဦးစီးဌာန၏ ခွင့် ပြုချက်ရယူရမည်။

(ထ) တူးဖော်ထုတ်လုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် ကျင်းများကို ပြန်လည်မြေဖို့ပေးရန်နှင့် သစ်ပင်စိုက်နိုင်သည့် အခြေအနေရရှိအောင် ဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးသည့်ကုန် ကျစရိတ်ကို ကျခံပေးရမည်။

(ဒ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် လေထု ၊ ရေထု ၊ မြေထု ညစ်ညမ်းမှု မဖြစ်စေရန် လိုအပ်သည်များကို ဆောင်ရွက်ပေးရမည်။

၁၀-၂ သတလ (၂) ၏ တာဝန်များ

သတလ (၂) သည် အောက်ပါတို့ကို တာဝန်ယူရမည် -

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးပြီးသည့်နေ့တွင် လုပ်ပိုင်ခွင့်ပါမစ်ကို ထုတ်ပေးရမည်။

(ခ) ကန်ထရိုက်တာမှ တင်ပြလာသော လုပ်ငန်းအစီအစဉ်ကို ရက်ပေါင်း (၃၀) အတွင်း စစ်ဆေးအတည်ပြုပေးရမည်။

(ဂ) သတ္တုတူးဖော်ထုတ်လုပ်ရာတွင် ကန်ထရိုက်တာမှ ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ တောင်းခံလာပါက သင့်တင့်သော အခကြေးငွေဖြင့် ကူညီဆောင်ရွက်ပေးရမည်။

(ဃ) သတလ (၂) သည် လုပ်ငန်းထူထောင် ထုတ်လုပ်မှုအတွက် လိုအပ်သလို လမ်းညွှန်ကြီးကြပ်မှု၊ စစ်ဆေးမှု နှင့် အကြံပြုမှုများကို လုပ်ဆောင်ပေးရမည်။

(င) ကန်ထရိုက်တာမှ အကူအညီတောင်းလာပါက လုပ်ငန်းသုံး ယမ်း နှင့် အပေါင်းပါ ဆက်စပ်ပစ္စည်းများနှင့် အခြားပံ့ပိုးနိုင်သည်များကို အခကြေးငွေ ရယူပြီး ပံ့ပိုးနိုင်သည်။

အပိုင်း (၁၁)
ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားခြင်း

၁၁-၁ ထုတ်လုပ်ရရှိသော ရွှေသတ္တုများကို သတလ (၂) နှင့် ကန်ထရိုက်တာတို့သည် အောက်ပါအတိုင်း လစဉ်အချိုးကျ ခွဲဝေခံစားရမည် -

ဓါတ်သတ္တုခွန်	+	သတလ (၂)	=	စုစုပေါင်း	:	ကန်ထရိုက်တာ
၅%	+	၃၀%	=	၃၅%	:	၆၅%

၁၁-၂ သတလ (၂) သည် ဓါတ်သတ္တုခွန် ၅% ကို စာချုပ်အပိုဒ် ၁၇ (၁)အရ တန်ဘိုးသင့်ပြီး မြန်မာကျပ်ငွေဖြင့် စီမံကိန်းနှင့် လုပ်ငန်းစစ်ဆေးရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

၁၁-၃ သတလ (၂) မှ အချိုးကျရရှိသည့် ရွှေသတ္တုစင်များအား မိမိဆန္ဒအတိုင်း သယ်ယူခြင်း၊ ရောင်းချခြင်းကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၁-၄ ကန်ထရိုက်တာမှ အချိုးကျရရှိသည့် ရွှေသတ္တုစင်များအား ပြည်တွင်း၌ မိမိဆန္ဒအတိုင်း သယ်ယူခြင်း၊ ရောင်းချခြင်းကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

၁၁-၅ ကန်ထရိုက်တာမှ အချိုးကျရရှိသည့် ရွှေသတ္တုစင်များအား ပြည်ပသို့ တင်ပို့ရောင်းချလိုပါက သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ခွင့်ရှိသည်။

အပိုင်း (၁၂)
သိုလှောင်ခြင်း

၁၂-၁ ကန်ထရိုက်တာသည် သန့်စင်ပြီးသော ရွှေသတ္တုစင်များကို သတ်မှတ်ထားသည့် လုံခြုံရေးစိတ်ချရသော နေရာ၊ သိုလှောင်ခန်း၊ အာမခံသေတ္တာတွင် သေချာစွာထည့်သွင်းထားရမည်။ ယင်းသို့

သို့လျှောင် သိမ်းဆည်းထားသော နေရာကို သော့ခလောက်နှစ်လုံး ခတ်သည့်စံနစ် အသုံးပြု၍ သတလ (၂) နှင့် ကန်ထရိုက်တာတို့က သော့တစ်ချောင်းစီ ထိန်းသိမ်းထားကြရမည်။ သို့လျှောင်ခန်း အာမခံ သေတ္တာဖွင့်/ပိတ်ခြင်းကို နှစ်ဖက်အတူတကွ ဆောင်ရွက်ရမည်။

အပိုင်း (၁၃)
လွှဲပြောင်းခြင်း

၁၃-၁ သတလ (၂) မှ အချိုးကျရရှိမည့် ရွှေသတ္တုများကို သတလ(၂) မှ သတ်မှတ်ထားသောနေရာတွင် ကန်ထရိုက်တာမှ လွှဲပြောင်းပေးရမည်။

အပိုင်း (၁၄)
အခွန်အကောက်များ

၁၄-၁ ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရမှ အခါအားလျော်စွာ သတ်မှတ်ပြဋ္ဌာန်းထားသော အခွန်အကောက်များကို ကန်ထရိုက်တာမှ ပေးဆောင်ရမည်။

၁၄-၂ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ပြည်ပကွင်ပေးရန်ရှိသောအခွန်အကောက်များကိုကန်ထရိုက်တာမှ ပေးဆောင်ရမည်။

၁၄-၃ ကန်ထရိုက်တာသည် တည်ဆဲဥပဒေများအရ ကန်ထရိုက်တာ၏ ဝန်ထမ်းများမှ ပေးဆောင်ရမည့် ဝင်ငွေခွန်အပါအဝင် အခြားအခွန်အခများကို တာဝန်ယူဆောင်ရွက်ပေးရမည်။

၁၄-၄ ကန်ထရိုက်တာအနေဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ နှင့် ၁၃ တို့အရ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များရရှိရေး အတွက် သတလ (၂) က ကူညီဆောင်ရွက်ပေးရမည်။

၁၄-၅ မြန်မာ့သတ္တုတွင်း ဥပဒေအရ ပေးဆောင်ရန်ရှိသည့် ဤသဘောတူစာချုပ်အရ လုပ်ပိုင်ခွင့်ရှိသော လုပ်ကွက်ဧရိယာအတွက် ပုံသေမြေငှားရမ်းခ (Dead Rent) ကို တစ်စတုရန်းကီလိုမီတာလျှင် ကျပ် (၆၀၀၀ိ/-) နှုန်းဖြင့် ကန်ထရိုက်တာမှ နှစ်စဉ်ပေးဆောင်ရမည်။

အပိုင်း (၁၅)
အာမခံထားရှိခြင်း

၁၅-၁ ကန်ထရိုက်တာသည် မြန်မာနိုင်ငံ အာမခံဥပဒေအရ လိုအပ်သော အာမခံများထားရှိရန် တာဝန်ရှိသည်။

အပိုင်း (၁၆)
ငွေပေးချေခြင်း

၁၆-၁ ဤသဘောတူစာချုပ်အရ နှစ်ဦးနှစ်ဖက် အပြန်အလှန်ကျပ်ငွေဖြင့် ပေးရန်ရှိသောငွေများကို ပေးချေရန် ရောက်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပေးချေရမည်။

အပိုင်း (၁၇)
သတ္တု တန်ဖိုးသင့်ခြင်း

၁၇-၁ ထုတ်လုပ်သည့် ရွှေသတ္တုစင် နှင့် နှစ်ကုန်လက်ကျန် ရွှေသတ္တုစင်များအတွက် တန်ဖိုးသတ်မှတ်ရန် လိုအပ်ပါက ကမ္ဘာ့ရွှေဈေးနှုန်းနှင့် မြန်မာ့ရွှေဈေးနှုန်းအပေါ် မူတည်၍ သတ်မှတ်ရမည်။

အပိုင်း (၁၈)
အငြင်းပွားခြင်း နှင့် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ခြင်း

၁၈-၁ သတလ (၂) နှင့် ကန်ထရိုက်တာသည် စာချုပ်နှင့်ပတ်သက်ပြီး အငြင်းပွားမှုဖြစ်ပါက နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ ဖြေရှင်းရမည်။ ရက်ပေါင်း (၉၀) အတွင်းညှိနှိုင်း၍မရပါက ရွှေသတ္တုဖက်စပ်ဗဟိုကြီးကြပ်မှုကော်မတီမှတစ်ဆင့် သတ္တုတွင်းဝန်ကြီးဌာနသို့ တင်ပြ၍ အဆုံးအဖြတ် ခံယူရမည်။ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး၏ ဆုံးဖြတ်မှုကို နှစ်ဖက်မှ ကျေအေးစွာ လိုက်နာခံယူရမည်။

အပိုင်း (၁၉)
အလုပ်ခန့်ထားခြင်း

၁၉-၁ ကန်ထရိုက်တာသည် လုပ်ငန်းအတွက် အလုပ်ခန့်ထားရာ၌ တည်ဆဲစည်းမျဉ်းဥပဒေများအရ ခန့်ထားရမည်။ ထိုသို့ ခန့်ထားရာတွင် အပိုဒ် ၁၉-၂ ပါ ခန့်ထားမှုများမှအပ သတ္တုတွင်းရှိရာ နယ်မြေရှိဒေသခံ မြန်မာနိုင်ငံသားများကို ဦးစားပေး၍ အလုပ်ခန့်ထားရမည်။

၁၉-၂ ကန်ထရိုက်တာသည် သတလ (၂) ၏ ဝန်ထမ်းများအား ကန်ထရိုက်တာ၏ ဝန်ထမ်းများအဖြစ်ခန့်ထားလိုပါက သတလ (၂)၏ သဘောတူညီချက်ဖြင့် ခန့်ထားနိုင်သည်။ ဝန်ထမ်းများ၏လစာ အကျိုးခံစားခွင့်နှင့် ထောက်ပံ့ကြေးငွေ တို့ကို ကန်ထရိုက်တာမှ ပေးရမည်။ ဝန်ထမ်းများ၏ လစာ အကျိုးခံစားခွင့် နှင့် ထောက်ပံ့ကြေးငွေကို နှစ်ဦးနှစ်ဖက်မျှတစွာ ညှိနှိုင်းထားသည့် လျော်ကန်သင့်မြတ်သောနှုန်းထားဖြင့် ခန့်ထားပေးရမည်။

၁၉-၃ ကန်ထရိုက်တာသည် လုပ်သားများလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေး၊ နေထိုင်စားသောက်ရေး၊ ဆေးဝါးကုသရေး စသည့် လူမှုရေးကိစ္စရပ်များနှင့် သက်သာချောင်ချိရေးကိစ္စရပ်များကို စီစဉ်ပေးရမည်။

၁၉-၄ အလုပ်သမားဆိုင်ရာ ဥပဒေများအရ အလုပ်သမားများ၏ ရပိုင်ခွင့်များကို ကန်ထရိုက်တာမှ တာဝန်ယူရမည်။

အပိုင်း (၂၀)
စီမံခန့်ခွဲခြင်း

၂၀-၁ (၅) မိုင်စခန်း (E-1) လုပ်ကွက် ရွှေထုတ်လုပ်မှုလုပ်ငန်းအား ရွှေသတ္တုဖက်စပ် ဗဟိုကြီးကြပ်မှုကော်မတီအောက်တွင် ထားရှိဆောင်ရွက်ရမည်ဖြစ်ပြီး စီမံခန့်ခွဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရွှေသတ္တုဖက်စပ် ဗဟိုကြီးကြပ်မှုကော်မတီအောက်တွင် သတလ (၂) နှင့် ကန်ထရိုက်တာတို့၏ ကိုယ်စားလှယ်များ ပါဝင်သော (၅) မိုင်စခန်း (E-1) လုပ်ကွက် ရွှေသတ္တု ထုတ်လုပ်မှုလုပ်ငန်းစီမံခန့်ခွဲရေး ကော်မတီတစ်ခုကို ဖွဲ့စည်းရမည်။

၂၀-၂ အဆိုပါ (E-1) လုပ်ကွက် ရွှေသတ္တုထုတ်လုပ်မှုလုပ်ငန်း စီမံခန့်ခွဲရေးကော်မတီသည် လုပ်ငန်းစဉ်များ၊ ဘဏ္ဍာရေးကိစ္စများ၊ စီမံခန့်ခွဲမှုကိစ္စရပ်များ အပါအဝင် စာချုပ်ပါလုပ်ငန်းအရပ်ရပ်ကို နှစ်ဦးနှစ် ဖက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ရမည်။

၂၀-၃ ထိုကော်မတီတွင် အဖွဲ့ဝင် (၅) ဦးပါဝင်ပြီး သတလ (၂) မှ (၃) ဦးနှင့် ကန်ထရိုက်တာမှ (၂) ဦး ပါဝင်စေလျက် သတလ (၂) ၏ ကော်မတီဝင်တစ်ဦးသည် ဥက္ကဋ္ဌ ဖြစ်စေရမည်။ ဥက္ကဋ္ဌမှ ကော်မတီအတွင်းရေးမှူးတစ်ဦးကို ခန့်ထားရမည်။

၂၀-၄ ကော်မတီသည် ရန်ကုန်မြို့ (သို့မဟုတ်) နှစ်ဖက်သဘောတူညီချက် ရရှိထားသော အခြားသင့်လျော်သည့်နေရာတွင် (၃)လ တစ်ကြိမ်ညှိနှိုင်းဆွေးနွေးရမည်။ လိုအပ်ပါက ဥက္ကဋ္ဌသည် အချိန်မရွေး ဤကော်မတီ၏ အစည်းအဝေးကို ခေါ်ယူကျင်းပနိုင်သည်။

၂၀-၅ ကော်မတီဝင်များနှင့် အတွင်းရေးမှူးအတွက် အခကြေးငွေများ (သို့မဟုတ်) အခြားစရိတ်များကို စီမံခန့်ခွဲရေးကော်မတီ၏ အဆုံးအဖြတ်ဖြင့်သာ သတ်မှတ်ဆောင်ရွက်ရမည်။ ယင်းအခကြေးငွေများ (သို့မဟုတ်) အခြားစရိတ်များကို ကန်ထရိုက်တာမှ ကျခံရမည်။

၂၀-၆ စီမံခန့်ခွဲရေး ကော်မတီမှ ဆုံးဖြတ်ရန် ခက်ခဲသည့် (သို့မဟုတ်) မဆုံးဖြတ်နိုင်သည့် ကိစ္စရပ်များအား ရွှေသတ္တုဖက်စပ်ဗဟို ကြီးကြပ်မှုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၂၀-၇ စီမံခန့်ခွဲရေးကော်မတီသည် ရွှေသတ္တုဖက်စပ်ဗဟို ကြီးကြပ်မှုကော်မတီမှ အခါအားလျော်စွာ ချမှတ်ထားသော ဆုံးဖြတ်ချက်နှင့် အမိန့်များကို အရေးယူလိုက်နာ ဆောင်ရွက်ရမည်။

အပိုင်း (၂၁)
လုပ်ငန်းကြီးကြပ်ဆောင်ရွက်ခြင်း

၂၁-၁ ကန်ထရိုက်တာသည် မန်နေဂျာတစ်ဦးကို နေ့စဉ်လုပ်ငန်းများ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရန် အတွက် ခန့်ထားရမည်။ မန်နေဂျာသည် စီမံခန့်ခွဲရေးကော်မတီမှ သတ်မှတ်ပေးသော စည်းမျဉ်း ဘောင်အတွင်းမှ တာဝန်ယူ၍ လုပ်ငန်းများကို စီမံဆောင်ရွက်ရမည်။

၂၁-၂ သတ္တုတွင်းဝန်ကြီးဌာန ၊ ရွှေသတ္တုဖြက်စပ်ဗဟို ကြီးကြပ်မှုကော်မတီမှ တာဝန်ပေးထားသော ကိုယ်စားလှယ်များသည် လိုအပ်သောအချိန်အခါတွင် စာချုပ်အရလုပ်ကိုင်ခွင့်ရှိသော လုပ်ကွက် ဧရိယာသို့သွားရောက်၍ လုပ်ငန်းများကို စစ်ဆေးနိုင်သည်။ ကန်ထရိုက်တာသည်ယင်းသို့ စေလွှတ် ခြင်းခံရသော သတ္တုတွင်းဝန်ကြီးဌာန ရွှေသတ္တုဖြက်စပ်ဗဟို ကြီးကြပ်မှုကော်မတီ၏ ကိုယ်စား လှယ်များကို လိုအပ်သလို ကူညီပံ့ပိုးပေးရမည်။

၂၁-၃ ကန်ထရိုက်တာသည် သတလ (၂) မှတာဝန်ပေး စေလွှတ်သည့် ကိုယ်စားလှယ် (၂) ဦးကို (၅)မိုင် စခန်း (E-1)၌ ရုံးစိုက်စေပြီး သတ္တုတူးဖော် ထုတ်လုပ်ခြင်းလုပ်ငန်းများကို စာချုပ်ပါအတိုင်း ဆောင်ရွက်မှု ရှိ-မရှိ စစ်ဆေးခွင့်ပြုရမည်။

၂၁-၄ ကန်ထရိုက်တာသည် ဤစာချုပ်အပိုဒ် (၂၁-၃) အရ တာဝန်ပေးထားသော သတလ (၂) ကိုယ်စား လှယ်များ၏ သွားလာရေး၊ နေထိုင်ရေး၊ စားသောက်ရေးတို့အတွက် စီမံခန့်ခွဲရေးကော်မတီမှ သတ် မှတ်ထားသော ထောက်ပံ့ကြေးငွေများကို ကိုယ်စားလှယ်များအား စီမံဆောင်ရွက်ပေးရမည်။

၂၁-၅ သတလ (၂) ကိုယ်စားလှယ်များသည် ကန်ထရိုက်တာ၏ ကိုယ်စားလှယ်များနှင့် ရွှေသတ္တုများ အားချိန်တွယ် စာရင်းပြုစုခြင်း၊ သတ္တုနမူနာယူခြင်း၊ ထိန်းသိမ်းခြင်း နှင့် ခွဲဝေတင်ပို့မှုတို့ကို ကြီး ကြပ်ဆောင်ရွက်ရမည်။ သတ္တုတွင်း၌ ယမ်းနှင့်အပေါက်ပါပစ္စည်းများကို သုံးစွဲပါက မှာယူသုံးစွဲ ခြင်းကို ကြီးကြပ်ရမည်။

၂၁-၆ အပိုဒ် (၂၁-၂ နှင့် ၂၁-၃) အရ စေလွှတ်သည့် ကိုယ်စားလှယ်များသည် ကန်ထရိုက်တာ၏ ပုံမှန် ဆောင်ရွက်နေသော လုပ်ငန်းများကို ဝင်ရောက်စွက်ဖက်ခြင်းမှ ရှောင်ရှားရမည်။

အပိုင်း (၂၂)
စာချုပ်ရုပ်သိမ်းခြင်း

၂၂-၁ ဤစာချုပ်ကို အောက်ဖော်ပြပါ အချက်အလက်များအနက် တစ်ခုခုဖြစ်ပေါ်လာပါက စာချုပ်ဝင် တဖက်ဖက်မှ အခြားတဖက်သို့ ရက်ပေါင်း (၉၀) ကြိုတင်သတိပေးပြီး စာချုပ်ရုပ်သိမ်းနိုင်သည် -

(က) တူးဖော်မှုလုပ်ငန်းသည် အဆက်မပြတ် ဆုံးရှုံးမှုများ ပေါ်ပေါက်နေခြင်း ။

(ခ) တစ်ဖက်ဖက်မှ စာချုပ်ပါ စည်းကမ်းချက်များ ဖောက်ဖျက်ခြင်း။

(ဂ) မလွန်ဆန်နိုင်သောဖြစ်ရပ်တစ်ခုသည် တစ်နှစ်ထက် ကျော်လွန်၍ ဖြစ်ပွားနေခြင်း။

(ဃ) စာချုပ်ပါ စည်းကမ်းအရ သက်တမ်းကုန်ဆုံးခြင်း။

၂၂-၂ ဤသဘောတူစာချုပ်ကို အထက်ပါစည်းကမ်းချက်များအရ လုပ်ငန်းရပ်စဲရာတွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းသဘောတူညီချက်ဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အတည်ပြုချက်ရရှိမှသာ အကျိုးသက်ရောက်စေရမည်။

၂၂-၃ ဤသဘောတူစာချုပ်အား ရပ်စဲခြင်းအားဖြင့် စာချုပ်မရပ်စဲမီ တာဝန်ရှိခဲ့သည့်ကိစ္စရပ်များမှအပ စာချုပ်ပါ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ၊ လုပ်ပိုင်ခွင့်များ၊ လုပ်ငန်းဆောင်ရွက်ရန် အချက်အလက်များအားလုံး လုံးဝပြီးပြတ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အပိုင်း (၂၃)
လျှို့ဝှက်ထိန်းသိမ်းခြင်း

၂၃-၁ ကန်ထရိုက်တာသည် ဤသဘောတူစာချုပ်ပါ အချက်အလက်များ၊ စာချုပ်ပါတာဝန်များ၊ လုပ်ငန်းအစီအစဉ်များနှင့် အခြားပတ်သက်ရာ ပတ်သက်ကြောင်းသတင်းအချက်အလက်များကို သတ်မှတ်ထားသည့် ဥပဒေအရ ခွင့်ပြုထားသည့်ကိစ္စမှအပ လျှို့ဝှက်အဆင့်တွင် ထားရမည်။

အပိုင်း (၂၄)
မှတ်တမ်းများ ၊ ငွေစာရင်းများ နှင့် စာရင်းစစ်ဆေးခြင်း

၂၄-၁ ကန်ထရိုက်တာသည် ဤသဘောတူစာချုပ်ပါလုပ်ငန်းများနှင့် ပတ်သက်သည့် မှတ်တမ်းများစသည်တို့ကို အများလက်ခံကျင့်သုံးသော စာရင်းဇယားထားသိုနည်းများအရ စာရင်းများကိုထိန်းသိမ်းထားရှိရမည်။

၂၄-၂ ဤသဘောတူစာချုပ်အရ သတလ (၂) သည် ထုတ်လုပ်မှုနှင့် သိုလှောင်မှတ်တမ်းများနှင့်ပတ်သက်၍ စစ်ဆေးခွင့်ရှိသည်။

၂၄-၃ သတလ (၂) သည် လိုအပ်ပါက ပြင်ပမှ စာရင်းစစ်တစ်ဦးကို စစ်ဆေးရန် ခန့်ထားနိုင်သည်။ ယင်းစစ်ဆေးရမည့်ကာလသည် သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ် တစ်နှစ်စာသာ ဖြစ်ရမည်။

အပိုင်း (၂၅)
မလွန်ဆန်နိုင်သောဖြစ်ရပ်များ

၂၅-၁ ဤသဘောတူစာချုပ်အရ ဆောင်ရွက်ရမည့်တာဝန်များ ပျက်ကွက်ခြင်း (သို့မဟုတ်) နှောင့်နှေးကြန့်ကြာခြင်းများ ဖြစ်ပေါ်လာလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်နှင့်အညီဖြစ်ပါက နှစ်ဦးနှစ်ဖက်က

ကင်းလွတ်ခွင့်ပြုရမည်။ ယင်းမလွန်ဆန်နိုင်သော ဖြစ်ရပ်ကြောင့် တစ်ဘက်မှ မိမိလိုက်နာ ဆောင်ရွက်ရမည့်တာဝန် တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အားလုံးကိုဖြစ်စေ ဆောင်ရွက်ခြင်းမှခေတ္တဆိုင်းငံ့ရမည့်အခြေအနေ ပေါ်ပေါက်လာလျှင် ထိုသို့ဆိုင်းငံ့ရမည့်ဖြစ်ရပ်နှင့် ဖြစ်တန်ရာသည့်ကာလတို့ကို ဖော်ပြလျက် ထိုဖြစ်ရပ် ပေါ်ပေါက်သည့်နေ့မှ (၁၄) တစ်ဆယ့်လေးရက်အတွင်း နစ်နာသူအခြားတစ်ဖက်သို့ စာဖြင့်အကြောင်းကြားရမည်။ ဤသို့အကြောင်းကြားခြင်းကို အခြားတစ်ဖက်မှအတည်ပြု လက်ခံမှသာလျှင် မလွန်ဆန်နိုင်သော ဖြစ်ရပ်မြောက်ပြီး ထိုနစ်နာသော အချိန်ကာလအတွက် တာဝန်ဝတ္တရားများ ရပ်ဆိုင်းရမည်။ ထိုမလွန်ဆန်နိုင်သော အခြေအနေကို အမြန်ဆုံးကျော်လွှားနိုင်အောင် ဆောင်ရွက်ရမည်။

၂၅-၂ အပိုဒ် (၂၅-၁) ပါအတိုင်း မလွန်ဆန်နိုင်သောဖြစ်ရပ် ပေါ်ပေါက်မှုကိုတစ်ဘက်မှအသိပေးပြီး နှစ်ဦးနှစ်ဖက်အတည်ပြု လက်ခံထားသော ဖြစ်ရပ်များပေါ်ပေါက်လာသည့် ကြန့်ကြာမှု၊ ဆုံးရှုံးမှုများအတွက် မည်သည့်ဘက်ကိုမျှ တာဝန်မဖြစ်စေရ၊ မလွန်ဆန်နိုင်သော ဖြစ်ရပ်ဟုခေါ်ဆိုရာတွင် သဘာဝဘေးအန္တရာယ် ၊ ရေကြောင်းဘေးအန္တရာယ်၊ အလုပ်သမားများ၏ နှောင့်ယှက်မှုများ၊ စစ်ပိတ်ဆို့မှု၊ ကူးစက်တတ်သောရောဂါ၊ မြေပြိုမှု၊ ငလျင်လှုပ်မှု၊ မုန်တိုင်း၊ မိုးကြိုးပစ်မှု၊ ရေကြီးမှု၊ ပေါက်ကွဲမှုများနှင့်အခြားအလားတူ ထိန်းချုပ်မရနိုင်သော ဖြစ်ရပ်များ(သို့မဟုတ်) မည်သည့်ဘက် ကမျှ ကြိုးစားအားထုတ်ဆောင်ရွက်မှုဖြင့် တားဆီးမရနိုင်သောဖြစ်ရပ်များပါဝင်သည်။

အပိုင်း (၂၆)
အခြားသယံဇာတပစ္စည်းများတွေ့ရှိခြင်း

၂၆-၁ ဤစာချုပ်အရ ရွှေသတ္တုတူးဖော်ထုတ်လုပ်စဉ် ရွှေသတ္တုမှအပ အခြားဓာတ်သတ္တုပစ္စည်းများနှင့် ကျောက်မျက်ရတနာတို့ကို မိမိလုပ်ကွက်အတွင်း တူးဖော်တွေ့ရှိပါက ထိုသို့တူးဖော်တွေ့ရှိကြောင်း ကန်ထရိုက်တာက သတလ (၂) သို့ချက်ချင်းအကြောင်းကြားရမည်။ တူးဖော်တွေ့ရှိသော ရွှေသတ္တုမှအပ အခြားဓာတ်သတ္တုပစ္စည်းများနှင့် ကျောက်မျက်ရတနာများသည် နိုင်ငံတော်ပိုင်ဖြစ်ပြီး ကန်ထရိုက်တာ နှင့် လုံးဝမသက်ဆိုင်စေရ။

၂၆-၂ အကယ်၍ ကန်ထရိုက်တာသည် ရွှေသတ္တုတူးဖော်ထုတ်လုပ်မှုလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရှိသော ဧရိယာအတွင်း ဆောင်ရွက်နေစဉ် အခြားဓာတ်သတ္တုများတွေ့ရှိပါက ဆက်လက်လုပ်ဆောင်လိုသည်များကို ကန်ထရိုက်တာနှင့် သတလ (၂) တို့ ညှိနှိုင်း၍ သတ္တုတွင်းဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့်သာ ဆက်လက်ဆောင်ရွက်ရမည်။

အပိုင်း (၂၇)
အထွေထွေ

၂၇-၁ ဤသဘောတူစာချုပ်သည်သာလျှင် နှစ်ဦးနှစ်ဖက် အတည်ပြုထားသော သဘောတူညီချက်ဖြစ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ယခင်နှုတ်ဖြင့်သော်လည်းကောင်း၊ စာဖြင့်သော်လည်းကောင်း၊ သဘောတူညီချက် ရှိခဲ့လျှင် ထိုသဘောတူညီချက်များသည် အကျိုးသက်ရောက်မှုမရှိစေရ။

၂၇-၂ ဤသဘောတူစာချုပ်၏ နောက်ဆက်တွဲများသည် ဤသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ရမည်။

၂၇-၃ ဤသဘောတူစာချုပ်နှင့်ပတ်သက်၍ အကြောင်းကြားစာ နှင့် အခြားဆက်သွယ်မှုများကို စာတိုက်၊ စကားပြောကြေးနန်း၊ ဖက်(စ်) ၊ တဲလက်(စ်)၊ ကြိုးမဲ့ကြေးနန်း ၊ ကြေးနန်း တို့ဖြင့် ပေးပို့သူက ကျသင့်ငွေကို ကြိုတင်ပေးချေ၍ ပေးပို့ရမည်။ ထိုသို့ဆက်သွယ်ရာတွင် အောက်ဖော်ပြပါလိပ်စာအတိုင်း ဆက်သွယ်ဆောင်ရွက်ရမည်။

အမှတ် (၂) သတ္တုတွင်းလုပ်ငန်း	ကန်ထရိုက်တာ
ဦးဆောင်ညွှန်ကြားရေးမှူး	အုပ်ချုပ်မှုဒါရိုက်တာ
အမှတ်(၂) သတ္တုတွင်းလုပ်ငန်း	ကောဇိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
အမှတ် (၉၀) ၊ ကံဘဲ့လမ်း	အမှတ် ၂၇၄ (က) ၊ အခန်း ၂၀၆ (၃/၄)
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့	ပြည်လမ်း၊ စမ်းချောင်းမြို့နယ် ၊ ရန်ကုန်မြို့

၂၇-၄ တစ်ဘက်က တစ်ဘက်သို့ ဆက်သွယ်သောစာများကို လက်ခံရရှိကြောင်း ပြန်ကြားရမည်။

၂၇-၅ <u>စာချုပ်အားလွှဲပြောင်းခြင်း</u>

ကန်ထရိုက်တာသည် သတလ (၂) ၏ စာဖြင့် ကြိုတင်သဘောတူခွင့်ပြုချက် မရရှိဘဲ စာချုပ်ပါဝတ္တရားအားလုံးအား(သို့မဟုတ်) လုပ်ငန်းတစ်စိတ်တစ်ဒေသအား အခြားအဖွဲ့အစည်းသို့လွှဲပြောင်းခြင်းမပြုလုပ်ရ။

၂၇-၆ <u>စာချုပ်အားပြင်ဆင်ဖြည့်စွက်ခြင်း</u>

ဤသဘောတူစာချုပ်အား နှစ်ဖက်သဘောတူညီမှု မပါရှိဘဲ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လုံးဝမပြုလုပ်ရ။ ဤသဘောတူစာချုပ်အား ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းများသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိမှသာလျှင် အတည်ဖြစ်စေရမည်။

၂၇-၇ <u>စာချုပ်အား ပြန်လည်ညှိနှိုင်းခြင်း</u>

စာချုပ်သက်တမ်းအတွင်း၌ သတလ (၂)နှင့် ကန်ထရိုက်တာတို့သည် ကြိုတင်မမျှော်မှန်းနိုင်သော အခြေအနေ တစ်ခုခုပေါ်ပေါက်ပါက နှစ်ဦးနှစ်ဖက် သဘောတူညီချက်ဖြင့် ဤစာချုပ်ကို ပြင်ဆင်နိုင်သည်။ သို့သော်စာချုပ်၏ မူလရည်ရွယ်ချက်အား ပျက်ပြယ်ခြင်းမရှိစေရ။

အပိုင်း (၂၈)

အကျိုးသက်ရောက်မှုများ

၂၈-၁ ဤသဘောတူစာချုပ်သည် ဤစာချုပ်ကို နှစ်ဦးနှစ်ဖက်မှ လက်မှတ်ရေးထိုးသည့်နေ့မှစ၍ သက်ဝင်အကျိုးသက်ရောက်စေရမည်။

အပိုင်း (၂၉)

အစစ်အမှန်ဖြစ်ခြင်း

၂၉-၁ ဤသဘောတူစာချုပ်အား မြန်မာဘာသာဖြင့်ရေးသားပြီး မူရင်းနှစ်အုပ်သာရှိ၍ တစ်ဖက်စီ၌ တစ်အုပ်စီ ရှိရမည်။

ဤသဘောတူစာချုပ်အား ၁၉၉၈ ခု၊ လ၊ ( ) ရက်နေ့တွင် အောက်ပါ အဝိုင်း နှစ်ဦးနှစ်ဖက် သဘောတူလက်မှတ်ရေးထိုးကြပါသည်။

(ဦးတင်ဝင်း)
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂) သတ္တုတွင်းလုပ်ငန်း
အမှတ် (၉၀)၊ ကံဘဲ့လမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့

(ဦးခွန်အောင်ထွန်း)
အုပ်ချုပ်မှုဒါရိုက်တာ
ကော့စိုင်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်
အမှတ် ၂၇၄ (က)၊ အခန်း ၂၀၆ (၃/၄)
ပြည်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့

ကျွန်ုပ်တို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးပါသည်။

အသိသက်သေများ

၁။ အမည် ....
၂။ ရာထူး ....
၃။ မှတ်ပုံတင်အမှတ် ....
၄။ ဌာန နေရပ် ....
....
....


၁။ အမည် ....
၂။ ရာထူး ....
၃။ မှတ်ပုံတင်အမှတ် ....
၄။ ဌာန နေရပ် ....
....
....

နောက်ဆက်တွဲ (က)



မြေပုံအညွှန်း

၁လက်မ = ၁မိုင် (၉၃အီ/၁)



= တူး ဖေါ် မည့်လုပ်ကွက်

တူး ဖေါ် မည့်ဧရိယာအကျယ် = (၅၂) ဧက

နောက်ဆက်တွဲ (က)

REF.GRID COORDINATES

(5) MILES CAMP (E_1) MINING LEASE AREA.

A-93-B.1	-782398
B-93-B.1	-786397.5
C-93-B.1	-785387.5
D-93-B.1	-783388
E-93-B.1	-783392
F-93-B.1	-782392.5
AREA	-52 ACRES
	(or)
	-0.081 Sq-Miles.
	(or)
	-0.209 Sq-Kilometres.

နောက်ဆက်တွဲ (ခ)

FORM OF PERFORMANCE BANK GUARANTEE

ME NO. (2) MINING ENTERPRISE

YANGON / MYANMAR

Dear Sirs,

Subject: Performance Guarantee

This Performance Guarantee shall constitute a guarantee for the performance by the   for its obligations and performance relating to the mining operation and all related activities stipulated under the Agreement dated ---------------------------------------199 . executed between the No.(2) Mining Enterprise, Yangon(hereinafter referred to as "ME 2") and the '
(hereinafter referred to as   )]

In accordance with the aforesaid, We -- the Bank of -- hereby guarantee to you the true and faithful performance of the aforesaid Agreement by ,   and we irrevocably undertake to pay to you without delay on your first writtn demand together with your written declaration and the detailed description of   breach of any terms and conditions and failed in its obligations and performance prescribed by the said Agreement. Our liability to you (ME2) under the said Bank Guarantee shall not in any event exceed the sum of

This is the agreed sum of the Performance Guarantee for the aforesaid Agreement against restitution of the original of this Performance Guarantee accompanied by your written declaration as aforesaid.

Our Guarantee will remain valid for a period of Five Years and any renewal thereof which shall be made in accordance with the provisions therefor contained in the aforesaid Agreement or until any premature termination not attributable to the breach of conditions of , or of failure to perform its obligations under the said Agreement by whichever is earlier whereupon our guarantee herein shall become null and void and shall be of no effect whatsoever.

Dated this day of 199

____

________________ Bank



ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ကုမ္ပဏီမှတ်ပုံတင်လက်မှတ်

အမှတ် ....၁၇၅၃........ /၁၉၉၆ -၁၉၉၇

မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ ကော့စိုင်း ဆောက်လုပ်ရေး ကုမ္ပဏီ လီမိတက် .... အား ပေးရန်တာဝန်ကန့်သတ်ထားသော လီမိတက်ကုမ္ပဏီအဖြစ် ၁၉၉၇ ခုနှစ်၊ ဇန်နဝါရီ လ ၁၇ ရက်နေ့တွင်မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

(သိဂ်ီတင်)
ကုမ္ပဏီများမှတ်ပုံတင်အရာရှိ
ကုမ္ပဏီများမှတ်ပုံတင်ရုံး

စက်မှု/ ... ဆောက်လုပ်ရေး
INDUSTRIAL ... CONSTRUCTION

THE GOVERNMENT OF THE UNION OF MYANMAR
MINISTRY OF NATIONAL PLANNING AND
ECONOMIC DEVELOPMENT

CERTIFICATE OF INCORPORATION

No. ....1753........ **of 1996 - 1997**

I hereby certify that KAW SAI CONSTRUCTION COMPANY LIMITED. .... *is this day incorporated under the Myanmar Companies Act and that the company is Limited.*

Given under my hand at Yangon this SEVENTEENTH .... *day of* JANUARY .... *one thousand nine hundred and* NINETY SEVEN

ငင် ရုံအလုပ် ရုံတင် ရှိရ ၁အရဝ်သည်
ငက် မှုလက် မှုနှံဘွင်ဖြစ် စေရပ်ည်။
သို့ပဟုဘ်လူ နေရဝ်ကွက် နှင့်ဂေး ထွက်
ရ ၁အရဝ် နွဖြစ် စေရပည်။

(THEIN GI TIN)
Registrar of Joint Stock Companies
Companies Registration Office

နောက်ဆက်တွဲ (ဝ

ဦးစီးအရာရှိရုံး၊ သစ်တောဦးစီးဌာန
သပိတ်ကျင်းမြို့နယ်၊ မန္တလေးတိုင်း။
စာအမှတ် .... ၆/၆-၅/ ၆/ ၈၇ - ၁ ....
ရက်စွဲ ၂၂ ၇ ၈၇

သို့/

သက်ဆိုင်ရာဌာနအကြီးအကဲ

အကြောင်းအရာ။ ရွှေသတ္တုဖော်စပ်လုပ်ကိုင်ခွင့်ထောက်ခံတင်ပြခြင်း ။

အထက်အကြောင်းအရာနှင့်ပါတ်သက်၍ ပြင်ဦးလွင်ခရိုင်၊ သပိတ်ကျင်းမြို့နယ်၊ ကဘဲ့ရဝိကွက်နယ်မြေ၊ (၅) မိုင်ဘ – ဝ – ရ၈ခနီး အနီး ရွှေလုပ်ကွက်နှင့်ပါတ်သက်၍ အောက်ပါအတိုင်း ထောက်ခံအပ်ပါသည်။

၁။ ကြိုးဝိုင်းဧရိယာမှလွတ်ကင်းပါသည်။

၂။ တားမြစ်ပါသစ်ပင်များ မရှိပါ ။

သို့ဖြစ်ပါ၍ ရွှေသတ္တုဖော်ဝင်း၏လုပ်ကိုင်ခွင့်လျှောက်ထားသည့် (၅) မိုင် – ဘ – ၆ရ၀ခနီး အနီး ရွှေလုပ်ကွက်နှင့်ပါတ်သက်၍ကန့်ကွက်ရန်မရှိကြောင်း၊ ထောက်ခံတင်ပြအပ်ပါသည်။

22/7/87

(စန်းဧမောင်)
ဦးစီးအရာရှိ
မြို့နယ်သစ်တောဦးစီးဌာန
သပိတ်ကျင်းမြို့

မိတ္တူကို / –

ရုံးလက်ခံဝတွဲ ။

ရည်ညွှန်းချက်

= ကားလမ်း
= မြို့နယ်ခြားနယ်နိမိတ်
= ချောင်း
= သစ်တောကြိုးဝိုင်းနယ်နိမိတ်

မြေပုံညွှန်း = R782389

